မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 15 / Issue 6 / June /2022*

## Blessed Father's Day



***Numbers 6:24-25***

***The LORD bless you and keep you;***
***the LORD make his face shine on you***
***and be gracious to you;***
***the LORD turn his face toward you***
***and give you peace.***

~~~~~~~~~~~~~~~

***Proverbs 20:7***

***The righteous man walks in his integrity;***
***His children are blessed after him.***

## June 2022 up coming events

June 2022

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

***June 5, 2022 … Holy Communion***

***June 12, 2022 … Regular Sunday Worship Service***

***June 19, 2022 … Father's day***

***June 26, 2022 … Worship through music***

+++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## VIRTUAL CHURCH SERVICE

### Watch at home!



***BCF online Worship Service is available***
***on every Monday.***
***To watch previous Virtual Sunday Service***
***select image gallery tab.***
~~~~~~~~~~~~~~~

# ခမည်းတော် နှင့် သားတော်

(ဖခင်များနေ့သို့)

ဤလူ့လောက၌ ယေရှုခရစ်တော် သက်တော်ထင်ရှား ရှိနေစဉ်အခါ ခမည်းတော်အဖ ဘုရားသခင် စေခိုင်းသော အမှုတော်မြတ်ကို ဆောင်ရွက်သည့်ကာလပတ်လုံး ...

– ခမည်းတော်နှင့်သားတော်သည် တလုံးတဝတည်း ဖြစ်ခြင်း၊
– ခမည်းတော်သည် သားတော်နှင့် အစဉ်အတူ ရှိတော်မူခြင်း၊
– ခမည်းတော်၏ စကားတော်ကို နားခံခြင်း၊ အလိုတော်ကို ဝန်ခံခြင်း၊
– ခမည်းတော်သည် သားတော်အား တန်ခိုးအာဏာကို အပ်ပေးခြင်း၊
– ခမည်းတော်ပေးအပ်သောတာဝန်ကို သားတော်သည် ပြီးဆုံးအောင်လုပ်ခြင်း၊
– ခမည်းတော်၏ပညတ်တို့ကို စောင့်၍ ခမည်းတော်၏မေတ္တာ၌ တည်နေခြင်း၊ .. တို့ကို ကြည့်ခြင်းအားဖြင့် ခမည်းတော်နှင့်သားတော်တို့၏ မိတ်သဟာယဖွဲ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မြင်ခြင်း၊ ဘုန်းတော်ထင်ရှားခြင်း၊ တို့ဖြင့် ခမည်းတော်သည် သားတော်ကို ချီးမြှောက်ခဲ့၏။

သားတော်သည်လည်း ဟောပြောသက်သေခံခြင်း၊ နမိတ်လက္ခဏာပြခြင်း၊ တို့ဖြင့် အဖ ခမည်းတော်၏ဘုန်းတော်၊ ဂုဏ်တော်၊ အစွမ်းတန်ခိုးတော်၊ အုပ်စိုးခြင်းအာဏာ တို့ကို ထင်ရှားစေခဲ့သည်။ ဥပမာအားဖြင့် – ဆုတောင်းခြင်းအမှုသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆက်နွယ်နေသဖြင့် သားတော်က သင်တို့သည် ငါ့နာမကို အမှီပြု၍ ခမည်းတော်ထံမှာ ဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်ဟု ဆိုသည့်အတိုင်း မိမိ၏ခမည်းတော်မှတပါး အခြားသောဘုရားမရှိ၊ ခမည်းတော်သည်သာ တစ်ဆူတည်းသောဘုရား၊ ဝတ်ပြုကိုးကွယ်ထိုက်သောဘုရား ဖြစ်တော်မူကြောင်းကို ဂုဏ်တင်ကာ ချီးမြှင့်ခဲ့သည်။

ကုန်လွန်ခဲ့သောနှစ်ပေါင်းများစွာက ဓမ္မဟောင်းခေတ်ကာလ၌ ဣသရေလလူမျိုး တို့သည် ဘုရားစကားကို နားမထောင်။ လေဝိသားတို့ကို ထာဝရဘုရား၏ရှေ့တော်၌ ယဇ်ပုရောဟိတ်အမှုပြုရသောနေရာမှ ပယ်ရှား ဖယ်ထား ကြပြီး၊ မြင့်သောအရပ်တို့၌ နတ်ဆိုး၊ မိမိတို့ထုလုပ်သော ကိုးကွယ်ရာ နွားသငယ်ရုပ်ထု အဘို့၊ ယဇ်ပုရောဟိတ်တို့ကို မိမိကိုယ်တိုင် ခန့်ထားကြသည်။ ထိုကြောင့်၊ အချိန်ကြာမြင့်စွာကာလပတ်လုံး ဣသရေလလူမျိုးတို့၌၊–

မှန်သောဘုရား မရှိ။– ဩဝါဒပေးတတ်သောယဇ်ပုရောဟိတ် မရှိ။– တရားလည်း မရှိ။ ဖြစ်ခဲ့သည့်အပြင်၊ ထာဝရဘုရား၏တရားတော် အတိုင်း လိုက်၍ မကျင့်ကြသောကြောင့် တိုင်းသူပြည်သားတို့သည် ချမ်းသာခြင်းကို မရ။ အလွန်ဆင်းရဲခြင်းဒုက္ခကိုခံရကြသည်။ တနိုင်ငံနှင့်တနိုင်ငံ၊ တစ်မြို့နှင့်တစ်မြို့ ပုန်ကန်တိုက်ခိုက်၍၊ ဘေးဒုက္ခအမျိုးမျိုးရောက်စေသော အားဖြင့်၊ ဘုရားသခင်သည် သူတို့ကို ဒဏ်ပေး၍ ဆုံးမတော်မူ၏။

သို့သော်လည်း၊ ရှင်ဘုရင် ‘အာသမင်း’နန်းထိုင်လျှင်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ‘အာဇရိ’ အပေါ်သို့ သက်ရောက်၍ ‘အာဇရိ’ ပြောကြားသောစကားမှာ၊–
အိုအာသမင်း၊ ယုဒအမျိုးနှင့် ဗယ်္ာမိန်အမျိုးသား အပေါင်းတို့၊ ငါ့စကားကိုနားထောင်ကြလော့။
– သင်တို့သည် ထာဝရဘုရားဘက်၌ နေလျှင်၊ နေစဉ်ကာလပတ်လုံး ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူမည်။ – ထာဝရဘုရားကိုရှာလျှင် အတွေ့ခံတော်မူမည်။
– စွန့်လျှင် သင်တို့ကို စွန့်တော်မူမည်။ – သင်တို့သည် ဘေးရောက်သဖြင့် ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာ၍၊ ရှာကြလျှင်အတွေ့ခံတော်မူမည်။
– အားယူကြလော့။ လက်မလျော့နှင့်။ – သင်တို့ကျင့်သည့်အတိုင်း အကျိုးကိုခံရကြမည်။
ဆိုသောစကား နှင့် ပရောဖက်ဩဒက်၏ အနာဂတ္တိစကားကို ကြားရလျှင် ရဲရင့်သောစိတ်ဖြင့် ...

‘အာသမင်း’သည် ... (၆ရာ၊ ၁၅း၈–၁၂)
– နိုင်ငံအတွင်းရှိ ရုပ်တုဆင်းတုများကို ဖယ်ရှားပစ်သည်။
– ဘုရားသခင်အား ယဇ်ပူဇော်သည့် ယဇ်ပလ္လင်ကို ပြန်လည်တည်ဆောက်သည်။
– ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ရှာသည်။
– လူမျိုးတော်ကိုလည်း ဘုရားသခင်နှင့်ပဋိညာဉ်ပြုရန် ဦးဆောင်ခဲ့သည်။

‘အာသမင်း’သည် မိမိအသက်ရှင်စဉ်ကာလပတ်လုံး ထာဝရဘုရားအား ဝတ်ပြုကိုးကွယ်သဖြင့် ‘စံပြမင်း’ ဖြစ်ခဲ့သည်။ သူ၏လက်ထက်တွင် လူအပေါင်းတို့လည်း ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားကို ရှာ၍ ပညတ်တရားတော်များကို စောင့်ရှောက်ကြသဖြင့် ပြည်တော်သည် (၁၀)နှစ် ပတ်လုံး ငြိမ်းချမ်းသာယာလေ၏။

‘အာသမင်း’၏သားတော် ‘ယောရှဖတ်မင်း’သည်လည်း ... (၆ရာ၊၁၇း၄–၉)
– ဗာလဘုရားတို့ကို မဆည်းကပ် ၊ ဘုရားသခင်ကိုသာ ဆည်းကပ်သည်။
– ဣသရေလအမျိုး၏ ထုံးစံကိုရှောင်၍ ပညတ်တရားတော်ကို ကျင့်သည်။
– နိုင်ငံအတွင်းရှိ ရုပ်တုကိုးကွယ်ခြင်းကို သုတ်သင်ဖယ်ရှားပစ်သည်။
– ယုဒမြို့အရပ်ရပ်သို့ ယဇ်ပုရောဟိတ်များ၊ လေဝိလူများကို စေလွှတ်၍ ထာဝရဘုရား၏ ပညတ္တိကျမ်းကို သင်ကြားစေသည်။

‘ယောရှဖတ်မင်း’သည် မိမိခမည်းတော် ‘အာသမင်းကြီး’လိုက်သော ထာဝရဘုရား၏ တရားလမ်းစဉ်အတိုင်းအုပ်စိုးခြင်းဖြင့် ‘အာသမင်းကြီး’၏ စံနမူနာကို သစ္စာရှိစွာဆက်ခံ၍ ခမည်းတော်ကို ဂုဏ်ပြုချီးမြှင့်ခဲ့၏။ ‘ယောရှဖတ်မင်း’သည် မိမိ၌ ဂုဏ်အသရေနှင့်စည်းစိမ်ဥစ္စာ များပြားသော်လည်း၊ ထာဝရဘုရား၏တရားလမ်းတို့၌သာ စိတ်စွဲလမ်းသဖြင့် ထာဝရဘုရားသည် သူ့ကို စောင်မတော်မူ၍ နိုင်ငံတော်သည်တည်မြဲ၍ အေးချမ်းလေ၏။

ယခုတွင်၊ ကျွန်ုပ်တို့သည်‘ကောင်းကင်ဘုံအရှင် အဖခမည်းတော်ဘုရား နှင့် သားတော် ယေရှုခရစ်တော်’ကိုမျှော်ကြည့်ပြီး၊ ‘လောကီဘုရင်မင်းဖြစ်သော ခမည်းတော်အာသမင်းနှင့် သားတော်‘ယောရှဖတ်မင်း’တို့ကိုစံထား၍ ဘုရားသခင်၏တရားလမ်းတော်အတိုင်း လိုက်လျှောက်ပါ။ နှုတ်ကပတ်တရားတော်သည် တန်ခိုး၊ အသက် နှင့် စုံလင်ကြောင်း ကျေးဇူးတင်လျက် ဝန်ခံပါ။

ဘုရားသခင်ထာဝရဘုရားကို ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖ ဟု ခေါ်ဆို ချီးမြှောက်ကြပြီး၊ သားတော်ဖြစ်သူ ယေရှုခရစ်တော် ကဲ့သို့ နာခံခြင်းအကျင့်နှင့် အသက်ရှင် နေထိုင်လျက် အဖဘုရားသခင်၏ ဘုန်းတော်၊ ဂုဏ်တော်၊ နာမတော်ကို ယေရှုခရစ်တော်၏နာမတော်အားဖြင့် ချီးမွမ်းထောမနာပြုကြပါစို့။ ဟာလေလုယ! ... အာမင်။

ခပ်သိမ်းသောအရာတို့၌ ထာဝရဘုရား၏တရားကို စောင့်ရှောက်၍၊
ဖြောင့်မတ်စွာကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဆာလံကျမ်း၊ ၁၀၆း၃ ॥ ॥

# သင့်ကိုချစ်တယ်

# I Love You!



➤ ဝေရန် ➤

ပေါ်တိုရီကို (Puerto Rico) ဒေသမှ အမျိုးသမီးတစ်ဦးသည် နယူးယောက် (New York) မြို့ရှိ ဘုရားရှိခိုးကျောင်းတစ်ခုတွင် နှစ်ခြင်းမင်္ဂလာကို ခံယူပြီးသည်နောက် သင်းအုပ်ဆရာထံသို့ အရေးပေါ် တောင်းဆိုချက် တစ်ခု တောင်းခံဖို့ ရောက်လာခဲ့သည်။ သူမသည် အင်္ဂလိပ်ဘာသာ စကားကို လုံးဝ မပြောနိုင် သောကြောင့် စကားပြန်မှ တဆင့် 'ဘုရားသခင် အတွက် တစ်ထောင့် တစ်နေရာမှ တစ်ခုခုပါဝင် လုပ်ပေးချင်ပါတယ်လို့' ပြောဆိုခဲ့ပါတယ်။

သင်းအုပ်ဆရာကလည်း "မိတ်ဆွေ ဘာတွေ လုပ်ပေးနိုင်မလဲ ဆိုတာ ဆရာ မသိဘူး" လို့ ပြန်ဖြေလိုက်ပါတယ်။ ထိုအခါ၊ သူမက "ကျေးဇူးပြု၍ တစ်ခုခုတော့ လုပ်ခွင့်ပြုပါ ဆရာ" လို့ စပိန်ဘာသာစကားဖြင့် ပြန်ပြောလိုက်သည်။ နောက်ဆုံးမှာ သင်းအုပ်ဆရာက "ကောင်းပြီလေ မိတ်ဆွေကို အသင်းတော်ရဲ့ ဘတ်စ်ကားပေါ်ကို တင်ပေးလိုက်မယ်။ တနင်္ဂနွေနေ့ အပါတ်တိုင်းမှာ မတူတဲ့ ဘတ်စ်ကားတွေကို ပြောင်းစီးပြီး၊ "ချစ်စရာကောင်းတဲ့ ကလေးတွေကို ဂရုစိုက်ပါ " လို့ ပြောလိုက်တယ်။

ထိုအချိန်က အသင်းတော်မှာ ဘတ်စ်ကားအစီးပေါင်း ၅၀ နီးပါးခန့် ရှိနေသောကြောင့် သူမသည် တနင်္ဂနွေ အပါတ်တိုင်းမှာ မတူတဲ့ ဘတ်စ်ကားတွေကို ပြောင်းစီးပြီး၊ ကလေးတွေကို ချစ်မေတ္တာပြကာ ကူညီစောင့်ရှောက်ပေးသည်။ သူမက ဘတ်စ်ကားပေါ်ရောက်သည်နှင့် ရုပ်ရည် ဆွဲဆောင်မှုအနည်းဆုံးရှိသောကလေးကို သူမပေါင်ပေါ်တင်ပြီး ရင်ခွင်ထဲဆွဲသွင်းရင်း၊ သူမ သင်ယူ တတ်ထားတဲ့ တစ်ခုတည်းသော အင်္ဂလိပ်စကား ဖြစ်တဲ့ **"I love you. Jesus loves you"** လို့ အမြဲတမ်းပြောလေ့ရှိတယ်။ "ငါ မင်းကိုချစ်တယ်။ ယေရှုက မင်းကိုချစ်ပါတယ်"။

လပေါင်းများစွာကြာလာပြီးနောက်၊ သူမသည် အထူးသဖြင့်ကလေးငယ်ယောက်ျားလေး တစ်ယောက်နှင့်အလွန်ရင်းနှီးလာ၏။ သူမက သင်းအုပ်ဆရာကို "ဘတ်စ်ကားတွေကို အလှည့်ကျ မပြောင်းချင်တော့ဘူး။ ဒီဘတ်စ်ကားတစ်ခုမှာဘဲ ကျမနေချင်ပါတယ်"လို့ သူမရဲ့ဆန္ဒကိုပြောပြပြီး တောင်းဆိုလိုက်၏။ ထိုကလေးငယ်က စကားမပြောတတ်ပါဘူး။ သူငယ်လေးဟာ သူမရဲ့ပေါင်ပေါ် မှာထိုင်ပြီး၊ ဘတ်စ်ကားနဲ့ ဥပုသ်စာပြေသင်တန်းကို သွားလေ့ရှိသည်။ တနင်္ဂနွေအပါတ်တိုင်းမှာ သူမက "ငါ မင်းကိုချစ်တယ်။ ယေရှုက မင်းကိုချစ်ပါတယ်" လို့ ဘုရားကျောင်းသို့အသွားနှင့် အိမ်အပြန်လမ်းတလျှောက်လုံး ပြောပြသည်။

တနေ့တွင်၊ သူမအံ့သြသွားရသည်မှာ သူငယ်လေးက သူမကိုလှည့်ကြည့်ကာ **"I love you"** ကျွန်တော်လည်း သင့်ကို ချစ်ပါတယ်" လို့ ခပ်တိုးတိုးလေး ပြောလိုက်တယ်။ ချက်ချင်းပင် သူငယ်လေးက သူမကို ပွေ့ဖက်လိုက်၏။ ထိုအချိန်က စနေနေ့ မွန်းလွဲ ၂း၃၀ နာရီ ပါ။ ထိုနောက် ထိုနေ့ည ၆း၃၀ နာရီ အချိန်တွင် သူငယ်လေး အမှိုက်အိပ်ထဲမှာ သေဆုံးနေတာကို တွေ့ရသည်။ စိတ်မကောင်းစရာပါဘဲ။ ဝမ်းနည်းစရာပါဘဲ။ သူငယ်လေး၏အမေက ဒေါသဖြင့် သူ့ကို ရိုက်နှက် လိုက်တာ လက်လွန်ပြီး သေသွားတော့ သူ့ရဲ့အလောင်းကို အမှိုက်ပုံးထဲမှာ ပစ်ထားခဲ့တယ်။

သူ့ရဲ့ ဘဝတိုတိုလေး အတွင်းမှာ သူနောက်ဆုံး ကြားခဲ့ရတဲ့ အင်္ဂလိပ်စကားကို မပြော တတ်သူ သာမန်အမျိုးသမီးတစ်ယောက်ရဲ့ နှုတ်ခမ်းမှပြောနေတဲ့ **"I love you. Jesus loves you ..** ငါ မင်းကို ချစ်တယ်။ ယေရှုက မင်းကို ချစ်ပါတယ်" ဆိုတဲ့စကားကို သူမေ့လို့ရမှာ မဟုတ်ပါဘူး။ သူကြားနေမှာပါ။

ဤနေရာမှာ အဓိကအချက်က စစ်မှန်သောဘာသာသည် စကားအသုံးအနှုန်းတစ်ခုသာ မဟုတ်ပါ။ စစ်မှန်သောဧဝံဂေလိတရား၏အဖြစ်မှန်ကို လူတွေမြင်နိုင်ပါတယ်။ လူအများစု အတွက် ကျွန်ုပ်တို့၏ဘဝ ပုံသက်သေကောင်းသည် ထိုသူတို့ ဖတ်ရမည့် တစ်ခုတည်းသောကျမ်းချက် ဖြစ်ကောင်းဖြစ်မည်။ ဖြစ်လည်းဖြစ်နိုင်ပါသည်။ သင်နှင့်ကျွန်ုပ်တို့၏ အပြောအဆို၊ အပြုအမူ၊ များတို့သည် သူတို့ ကြားရ၊ မြင်နေရတဲ့ တရားဒေသနာ ပါဘဲ။ သင်နှင့်ကျွန်ုပ်သည်သာ သူတို့ မြင်နိုင်တဲ့ တစ်ခုတည်းသော ယေရှုခရစ်တော် ဖြစ်သည်။ သင်သည်လည်းဘဲ အခြားသူများ၏ဘဝကိုထူးခြား စွာပြောင်းလဲမှုကို ဖန်တီးနိုင်စွမ်း ရှိသည်။

ယေရှုခရစ်တော်၏နာမတော်၌၊ စိတ်နှလုံးကြေကွဲသောသူများ၊ နာကျင်သောသူများနှင့် ရင်းရင်းနှီးနှီး ဖြစ်အောင်နေပါ။ တတ်နိုင်သမျှ ချစ်ခြင်းမေတ္တာပြပါ။ လေ့ကျင့်သင်ယူရန် လိုအပ် သည့်တစ်ခုတည်းသော စကားလုံး " I love you. Jesus loves you .. ငါ မင်းကို ချစ်တယ်။ ယေရှုက မင်းကို ချစ်ပါတယ်" ဆိုတာ သူတို့ကို ပြောပြပါ။

ဤစကားလုံးများသည် တပါးသူတို့၏အသက်တာကို ကယ်တင်ခြင်းပေးနိုင် သကဲ့သို့ မိမိကိုယ်တိုင်လည်း ကယ်တင်ခြင်းစိတ်ချမှု ရှိစေသည်။

အမှုတော်မြတ်၌၊–
ဝေရန်

*My command is this:*

*Love each other as I have loved you.*

# သုတ္တံကျမ်း၊ ၃း၁–၃၅ မှ ဆုံးမစကား

ငါ့သား၊
ငါပေးသောတရားကိုမမေ့နှင့်။
ငါ့ပညတ်တို့ကို သင်၏ နှလုံးစောင့်ရှောက်ပါစေ။

အကြောင်းမူကား၊
ပညတ်တရားသည် အသက်တာရှည်သော ကာလနှစ်ပေါင်းများကိုငင်း၊
ငြိမ်ဝပ်ခြင်းကိုငင်း၊ တိုးပွားစေလိုက်မည်။

ကရုဏာတရားနှင့် သစ္စာတရားကို သင်နှင့်မကွာစေနှင့်။
ထိုတရားတို့ကို သင်၏ လည်ပင်း၌ ဆွဲထားလော့။
နှလုံးအင်း စာရင်း၌ ရေးသွင်းလော့။
ထိုသို့ပြုလျှင် .. ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရ၍၊ ကျေးဇူးကိုခံရလိမ့်မည်။

ငါ့သား၊
ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။
ကိုယ်ဉာဏ်ကို မမှီမပြုနှင့်။
သွားလေရာ၌ ထာဝရ ဘုရား ကို မျက်မှောက်ပြုလော့။

သို့ပြုလျှင် .. သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။

ငါ့သား၊
ငါသည် ပညာရှိ၏ဟု ကိုယ်ကိုမထင်နှင့်။
ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကိုရှောင်လော့။

သို့ပြုလျှင် .. သင်၏အကြောတို့သည် အားသန်၍၊
အရိုးတို့သည် ခြင်ဆီနှင့် ပြည့်စုံကြလိမ့်မည်။

သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသောအသီးအနှံရှိသမျှကို
ထာဝရဘုရားအား ပူဇော် လော့။

သို့ပြုလျှင် .. သင်၏စပါးကျီတို့သည် ကြွယ်ဝ၍၊
စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ် သောစပျစ်ရည်လျှံလိမ့်မည်။

ငါ့သား၊
ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။
သင်၏ အပြစ်ကို စစ်ဆေး တော်မူသောအခါ စိတ်မပျက်စေနှင့်။
ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။
နှစ်သက်တော်မူသော သားကို ဒဏ်ခတ်တော်မူတတ်၏။

– ဉာဏ်ပညာကို ရှာ၍ရသောသူသည် မင်္ဂလာရှိ၏။
– အကြောင်းမူကား၊ ပညာကုန်သွယ်ခြင်းသည် ငွေကုန်သွယ်ခြင်းထက် သာ၍ကောင်း၏။
– ပညာကုန်သွယ်၍ရသော အမြတ်လည်း ရွှေစင်ထက် သာ၍ကောင်း၏။
– ပညာသည် ပတ္တမြားထက်သာ၍ အဖိုးထိုက်ပေ၏။
– နှစ်သက်ဖွယ်သမျှသော အရာတို့သည် ထိုရတနာကို မပြိုင်နိုင်ကြ။
– သူ၏လကျ်ာလက်၌ အသက်တာရှည်သောကာလ၊ လက်ဝဲလက်၌စည်းစိမ်နှင့်ဂုဏ်အသရေရှိ၏။
– ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာလမ်းခရီးရှိသမျှတို့သည် ငြိမ်ဝပ်လျှက်ရှိကြ၏။
– ပညာကို ကိုင်ဆွဲသော သူသည် အသက်ကိုပင်ရပြီ။ လက်မလွှတ်သောသူသည် မင်္ဂလာရှိ၏။

ထာဝရဘုရားသည် ပညာတော်အားဖြင့် မြေကြီးကို တည်၍၊
ဉာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ပြင်ဆင်တော်မူပြီ။
သိပ္ပံအတတ်တော်အားဖြင့် နက်နဲသော အရပ်အက်ကွဲ၍၊ မိုဃ်းတိမ်မှလည်း နှင်းရည်ကျတတ်၏။

ငါ့သား၊ ပညာရတနာနှင့်သမ္မာသတိကို သင့်မျက်မှောက်မှမကွာစေဘဲ၊ အစဉ်စောင့်ရှောက်လော့။

သို့ပြုလျှင် .. ထိုရတနာတို့သည်သင်၏ဝိညာဉ်၌အသက်၊
သင်၏လည်ပင်း၌ဂုဏ်သရေဖြစ်လိမ့်မည်။
သင်သည် ခရီးသွားရာ၌ ဘေးမရှိ။ ခြေမတိုက်မိဘဲ သွားလိမ့်မည်။
အိပ်သောအခါ ကြောက်စရာမရှိရ။ ကောင်းမွန်စွာ အိပ်ပျော်ရလိမ့်မည်။
လျှင်မြန်သောဘေးနှင့် လူဆိုးတွေ့တတ်သော ပျက်စီးရာဘေးကို ကြောက်စရာမရှိရ။
အကြောင်းမူကား၊
ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာဖြစ်၍၊ သင်၏ခြေကို မကျော့မိစေခြင်းငှာ
စောင့်မတော် မူလိမ့်မည်။

– ကျေးဇူးကို ခံသင့်သောသူတို့အား ကျေးဇူးပြုရသော အခွင့်ရှိလျှင် မပြုဘဲမနေနှင့်။
– အိမ်နီးချင်းကိုပေးစရာရှိလျက်ပင်သွားတော့။ တဖန်လာဦးတော့။ နက်ဖြန်မှငါပေးမည်မပြောနှင့်။
– စိုးရိမ်ခြင်းမရှိဘဲ သင့်အနားမှာနေသော အိမ်နီးချင်း၌ မကောင်းသောအကြံကိုမကြံနှင့်။
– သင်၌ အပြစ်မပြုသောသူကို အကြောင်းမရှိဘဲ ရန်မတွေ့နှင့်။
– ညှဉ်းဆဲတတ်သောသူ၏ စည်းစိမ်ကို မတောင့်တနှင့်။
– သူလိုက်သော လမ်းတစ်စုံတစ်ခုကိုမျှ အလိုမ ရှိနှင့်။

အကြောင်းမူကား၊
ထာဝရဘုရားသည် သဘောကောက်သော သူတို့ကို စက်ဆုပ် ရွံ့ရှာတော်မူ၏။
ဖြောင့်မတ်သော သူတို့မူကား၊ ကိုယ်တော်နှင့် မိဿဟာယ ဖွဲ့ရသောအခွင့်ရှိကြ၏။
မတရားသောသူ၏ နေရာသည် ထာဝရဘုရားကျိန်တော်မူခြင်းကို တွေ့တတ်၏။
တရားသောသူ၏နေရာကိုကား ကောင်းကြီးပေးတော်မူ၏။

အကယ်စင်စစ်၊ .. ကဲ့ရဲ့တတ်သောသူတို့ကို ကဲ့ရဲ့တော်မူ၏။ စိတ်နှိမ့်ချသောသူတို့အားကား၊
ကျေးဇူးပြုတော်မူ၏။ ပညာရှိသောသူတို့သည် ဘုန်းအရေကို အမွေခံရ၍၊
မိုက်သောသူတို့မူကား၊ .. အရှက်ကွဲခြင်းကို ထမ်းသွားကြရလိမ့်မည်။